သင်္ဂန်းတုံးကျေးရွာ

ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သင်္ဂန်းတုံးကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	သင်္ကန်းကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၁
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၄
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၁၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သင်္ကန်းတုံးကျေးရွာ

ထားဝယ်မြို့နယ်

သင်္ကန်းတုံးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

သင်္ဃန်းတုံးကျေးရွာသည် ပကာရီကျေးရွာအုပ်စု၊ ထားဝယ်မြို့နယ်တွင် တည်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာသည် ထားဝယ်-မေတ္တာကားလမ်းပေါ်တွင် တည်ရှိပြီး ထားဝယ်မြို့နှင့် (၁၈)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာတည်ရှိရာသည် မြေနိမ့်ပိုင်း ဖြစ်သော်လည်း ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်။ ကျေးရွာအနီးတွင် တောတောင် မြစ်ချောင်းများ စိမ်းလန်းစိုပြေစွာ ဝိုင်းရံထားပြီး သဘာဝအလှများနှင့် ပြည့်စုံသည့် ရွာတစ်ရွာဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

သင်္ဃန်းတုံးကျေးရွာသည် ပူ၍မိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတုကျရောက်သည့်ဒေသအတွင်း တည်ရှိပါသည်။ ကျေးရွာတွင် ဥယျာဉ်ခြံစိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြပြီး မြေဆီလွှာအနေအထားမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် အခြားသယံဇာတများ ထွက်ရှိမှုမရှိပါ။ တောတောင်များ ခုတ်ထွင်ရှင်းလင်းပြီး ဥယျာဉ်ခြံများ ပြုလုပ်လာသောကြောင့် တိရိစ္ဆာန်မျိုးစိတ်များ နည်းပါးလာပြီး သဘာဝအလျောက် ပေါက်ရောက်သော သံမနိုင်၊ ကျောက်မနိုင်၊ တောရှောက်ပင်၊ မဇလီစသည့် ဆေးဘက်ဝင်အပင်များကိုသာ အနည်းအကျဉ်း တွေ့ရှိရပါတော့သည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

သင်္ဃန်းတုံးကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့နှင့် လူငယ်အဖွဲ့သာရှိပြီး ထိုအဖွဲ့များသည် ကျေးရွာ၏ ကိစ္စအဝဝအတွက် ဦးဆောင်စုပေါင်းညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ရွာသူ/သားများ၊ အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ လူမှုရေး၊ ဘာသာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပက်သက်၍ အားနည်းကြပြီး၊ အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများအနေဖြင့် UNHCRနှင့် URC အဖွဲ့နှစ်ဖွဲ့သာ ရှိပါသည်။ ထိုအဖွဲ့များမှ ရပ်ရွာအကျိုးပြု ကျေးလက်ဆေးပေးခန်း၊ စာသင်ကျောင်းနှင့် သောက်သုံးရေရရှိရေး စသည့် ကဏ္ဍများ၏ အထောက်အပံ့များပြုလုပ်ပေးပြီး ကျန်းမာရေးအတွက် ခြင်ထောင် ပေးဝေခြင်းများ ဆောင်ရွက်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

သက်နိုးတုံးကျေးရွာတွင် ဥယျာဉ်ခြံစိုက်ပျိုးရေးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ (၃၃၈.၅) ဧက ရှိပါသည်။ ၂.၅ ဧက အောက် ဆင်းရဲသားတောင်သူ (၄) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၅)၊ ၅ ဧကမှ ၁၂.၅ဧကအထိ အလယ်အလတ်စား တောင်သူ (၁၀) အိမ်ထောင်စုနှင့် ၁၂.၅ ဧကအထက် တောင်သူကြီး (၈) အိမ်ထောင်စုစသည်တို့ ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံ စိုက်ပျိုးရေးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၁၅.၉%)ခန့်ရှိပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုရှိသော အိမ်ထောင်စုမှာ (၈၄%) ခန့်ရှိသော်လည်း သီးနှံဖွံ့ဖြိုးခြင်းမရှိခြင်းကြောင့် မစိုက်ပျိုးကြတော့ဘဲ အခြားစီးပွားရေးလုပ်ငန်းများကိုသာ လုပ်ကိုင်ကြပါသည်။ မြေယာမဲ့အလုပ်ဆင်းရဲသားများသည် ကျပန်းအလုပ်များကို လုပ်ကိုင်ရှာဖွေ စားသောက်နေကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ချောင်းရေကို တစ်နှစ်ပတ်လုံး သွယ်ယူ အသုံးပြုကြပါသည်။ တစ်နှစ်ပတ်လုံးရရှိသော်လည်း လုံလောက်မှုမရှိပါ။

ကျေးရွာ၏ အဓိကထွက်ရှိသော သီးနှံမှာ ကွမ်းသီးဖြစ်ပြီး သွင်းအားစု လိုအပ်ချက်မှာ အခြားသီးနှံပင်များနှင့် နှိုင်းယှဉ်လျှင် ကုန်ကျစရိတ်သက်သာပြီး ပိုးမွှားကျရောက်မှုလည်း အနည်းငယ်ရှိပါသည်။ မိရိုးဖလာစိုက်ပျိုးနည်းကိုသာ ကျင့်သုံးနေဆဲ ဖြစ်သဖြင့် ကွမ်းသီးတစ်ဧကလျှင် ပျမ်းမျှ ၃၀၀ ပိဿာ ရရှိပါသည်။

ကျေးရွာတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သူ နည်းပါးသဖြင့် လယ်ယာသုံးစက် ကိရိယာ ပိုင်ဆိုင်မှုမှာလည်း နည်းပါးလှပါသည်။ ဥယျာဉ်ခြံစိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်သောကြောင့် မြက်ရိတ်စက် ပိုင်ဆိုင်မှုများသာရှိပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် စိုက်ပျိုးမြေများ တိုးချဲ့ရန်မရှိပေ။ စိုက်ပျိုးရန်အတွက် ရေအရင်းအမြစ်နှင့် သဘာဝမြေဆွေးမြေညြှေများ မရှိပါ။ ဓာတ်တုပိုးသတ်ဆေးများ အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း နည်းပညာဝန်ဆောင်မှုများ အားနည်းနေပါသည်။

ကျေးရွာတွင် သီးနှံများစိုက်ပျိုးရာ၌ စိုက်ပျိုးရေးနည်းစနစ်များမကျခြင်း၊ လုပ်သားရှားပါးခြင်း၊ ရေလုံလောက်မှုမရှိခြင်းနှင့် ငွေအရင်းအနှီးရရှိနိုင်မှုမရှိခြင်း စသည့် အချက်များသည် စိုက်ပျိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများပင်ဖြစ်သည်။

(ခ) မွေးမြူရေးလုပ်ငန်း

သင်္ကန်းတုံးကျေးရွာတွင် ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၁) အိမ်ရှိပြီး ကျွဲကောင်ရေ (၅) ကောင်၊ အိမ်ထောင်စု (၁)အိမ်မှ ဝက်ကောင်ရေ (၃) ကောင်၊ အိမ်ထောင်စု (၁) အိမ်မှ ကြက်ကောင်ရေ (၁၀) ကောင် နှင့် အိမ်ထောင်စု (၁) အိမ်မှ ဘဲ(၂၃) ကောင် ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင် မွေးမြူသည့် အိမ်ထောင်စုများသာ ဖြစ်ကြပြီး စီးပွားအဖြစ် လုပ်ကိုင်သော အိမ်ထောင်စုများ မရှိပါ။

ကျေးရွာတွင် မွေးမြူရေးကို စီးပွားအဖြစ်လုပ်ကိုင်သော အိမ်ထောင်စု မရှိသလောက် နည်းပါးပါသည်။ နည်းပညာ ဝန်ဆောင်မှုများလည်း ရရှိနိုင်မှု နည်းပါးပါသည်။ မွေးမြူရေး လုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်လိုသော်လည်း နည်းပညာများမသိခြင်းနှင့် ငွေရေးကြေးရေး မတတ်နိုင်ခြင်း အခက်အခဲများ ရှိပါသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတား များအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ ကျေးရွာရှိ ငွေချေးသူထံမှ အတိုး နှုန်းမြင့်မားစွာ ချေးယူကြရပါသည်။ ကျေးရွာတွင် ငါးမွေးမြူရေး လုပ်ကိုင်သော အိမ်ထောင် စုမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

သင်္ကန်းတုံးကျေးရွာရှိ အခြားဝင်ငွေရ လုပ်ငန်းများမှာ လက်လီ-လက်ကား ရောင်းဝယ်ရေးလုပ်ငန်း၊ အပ်ချုပ်ဆိုင်၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ ခေါင်းရွက်ဗျပ်ထိုး၊ နေ့စားအလုပ်များတို့ဖြစ်ကြသည်။ အခြားဝင်ငွေရ လုပ်ငန်းများတွင် ကိုယ်ပိုင်အလုပ်လုပ်ကိုင် သည့်အိမ်ထောင်စုများ ရှိသကဲ့သို့ အလုပ်သမားဝန်ထမ်းအနေဖြင့် အလုပ်လုပ်ကိုင်သူများ လည်းရှိပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေ ကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင် ရှိသည်။ ကျပန်းအလုပ်သမားများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာသည် ထားဝယ်မြို့နှင့် အလှမ်းမဝေးဘဲ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်ပါသည်။ ထားဝယ်-ထီးခီး ကားလမ်းပေါ်တွင်တည်ရှိ၍ ပကာရီကျေးရွာနှင့်လည်း အလှမ်းမဝေးသောကြောင့် အရောင်းအဝယ်စျေးကွက်များလည်း ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

သင်္ကန်းတုံးကျေးရွာတွင် မည်သည့် ငွေကြေးဝန်ဆောင်မှုမှ ရရှိခြင်းများမရှိပါ။ ငွေတိုးချေးသူထံမှ အတိုးနှုန်းမြင့်မားစွာဖြင့် ချေးယူနေကြရပါသည်။ ထိုကြောင့် အတိုးနှုန်း

သက်သာစွာဖြင့် ကာလရှည်ထုတ်ချေးနိုင်သည့် ဝန်ဆောင်မှုများ ရရှိနိုင်ပါက ပို၍အဆင်ပြေနိုင်မည်ဖြစ်သည်။ အဖွဲ့လိုက် ငွေစုငွေချေးအစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေမျိုးများနှင့် ငွေတိုးချေးသူထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် လိုအပ်သော်လည်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက်များပြားနေပါသည်။ ထိုကြောင့် အစိုးရဘဏ်/ ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်း သက်သာစွာဖြင့် ကာလရှည်ချေးငွေများ ထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စများအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

သင်္ကန်းတုံးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီး (၂) စီး၊ ဆိုင်ကယ် (၃၁) စီး၊ သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ (၂) စီး၊ ကား (၂) စီးတို့ကို အသုံးပြုနေရပါသည်။

ကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်နေပြီး မိုးတွင်းအခါများတွင် သွားလာရခက်ခဲပါသည်။ မြေသားလမ်းများကို ကတ္တရာလမ်းအဖြစ် ပြုပြင်ပေးနိုင်ပါက ကျေးရွာ၏ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကျေးရွာတွင် တံတားတည်ရှိမှုအနေဖြင့် သစ်သားတံတား (၁)စင်းသာရှိပြီး ထိုသစ်သားတံတားမှာလည်း ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသည်။ ကျေးရွာတွင် ကုန်းလမ်းပို့ဆောင်ရေးကိုသာ အဓိကအသုံးပြုပြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အသုံးမပြုပါ။

(ခ) ကျေးရွာ မီးလင်းရေး

သင်္ကန်းတုံးကျေးရွာတွင် ဆိုလာ အသုံးပြုသော အိမ်ထောင်စု (၈)စု၊ ဒီဇယ်သုံးအင်ဂျင် အသုံးပြုသော အိမ်ထောင်စု (၂၈)စုနှင့် ဖယောင်းတိုင်၊ ရေနံဆီမီးခွက်များကို အသုံးပြုနေသော အိမ်ထောင်စု (၁၀)စု ရှိပါသည်။ ဆိုလာအသုံးပြုသော အိမ်ထောင်စုများမှာ မိုးရာသီအချိန်များတွင် နေရောင်ခြည်မရရှိသောကြောင့် အသုံးပြုရာတွင် အခက်အခဲများ ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

သင်္ကန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၃၆)လုံး၊ ရေဒီယို (၁၃) လုံး၊ တီဗွီ (၁၉) လုံး၊ ဂြိုလ်တုစလောင်း (၁၂) လုံး စသည်တို့မှ ရရှိသဖြင့်

သတင်းနှင့်အချက်အလက်များကို သိရှိနိုင်ပါသည်။ ကျေးရွာတွင် မည်သည့်ဖုန်းလိုင်းမဆို ဆက်သွယ်အသုံးပြုနိုင်ပါသည်။

၆။ ပညာရေး

သင်္ကန်းတုံးကျေးရွာ၏ စာတတ်မြောက်မှုနှုန်းမှာ ၉၆ရာခိုင်နှုန်း ခန့်ရှိပါသည်။ မူလတန်းအဆင့် အခမဲ့ပညာရေးစနစ်ကြောင့် လုံးဝကျောင်း မနေသူဦးရေ မရှိသလောက် နည်းပါးပါသည်။ ကျေးရွာတွင် မူလတန်းအဆင့်ထိသာ ပညာသင်ကြားနိုင်ပြီး အလယ်တန်း နှင့်အထက်တန်းအဆင့် ပညာရေးကိုမူ ပကာရီကျေးရွာတွင် သွားရောက်ပညာသင်ယူကြရပါ သည်။ မူလတန်းကျောင်းမှာ ရွာအတွင်းတွင် တည်ရှိပြီး ကျောင်းသုံးပရိဘောဂများ လုံလောက် မှုမရှိပါ။ ကျောင်းသို့ ခြေလျင် (သို့) စက်ဘီး (သို့) ဆိုင်ကယ်ဖြင့်လည်း သွားရောက်ကြ ပါသည်။

သင်္ကန်းတုံးကျေးရွာတွင် ယခုလက်ရှိတွင် ပညာသင်ကြားနေသော ကျောင်းသား/သူ ဦးရေ နှင့် ကျောင်းဆရာ/ဆရာမ ဦးရေ လုံလောက်မှု ရှိပါသည်။ မူလတန်း ကျောင်းထွက်နှုန်း မှာလည်း မရှိသလောက် နည်းပါးပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ လက်လှမ်းမီမှု မရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာလည်း အသင့်အတင့်ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

သင်္ကန်းတုံးကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်း ကူးစက် ရောဂါ၊ ဆီးချိုရောဂါနှင့် အသည်းရောဂါ (ဘီ၊ စီ)ရောဂါများ ဖြစ်ပွားမှုနှုန်းမြင့်ပြီး ကျန်ရောဂါများမှာ ဖြစ်ပွားမှုနှုန်းနည်းပါးပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိ ကျန်းမာရေးဝန်ထမ်း များမှ ကာကွယ်ဆေးထိုးနှံမှုများကို ပုံမှန်ပြုလုပ်ပေးပါသည်။ ကျေးရွာတွင် အသေးစား ကျန်းမာရေး ကုသမှုများကို ကျေးရွာအတွင်းရှိ ကျန်းမာရေးဆေးပေးခန်းတွင် ပြသကြ၍ ရောဂါကြီးကြီးမားမားဖြစ်ပွားပါ က (၁၈)မိုင်ခန့် ကွာဝေးသော ထားဝယ်မြို့ ဆေးရုံကြီးသို့ သွားရောက်ကုသကြရပါသည်။ ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ လာရောက်၍ ကာကွယ်ဆေးထိုးပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ပုံမှန်စစ်ဆေး ပေးလေ့ရှိပါသည်။ သို့ရာတွင် အခါအားလျော်စွာ ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြော ပွဲများနှင့် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးကဲ့သို့သော ဆွေးနွေးပွဲများကိုလည်း ပြုလုပ် ပေးရန် လိုအပ်ပါသည်။

သင်္ကန်းတုံးကျေးရွာတွင် သောက်သုံးရေရရှိနိုင်သော ရေအရင်းအမြစ်အဖြစ် ချောင်းရေကိုသာ အသုံးပြုကြရပါသည်။ ရေရရှိမှုနှင့် ပတ်သက်၍ မိုးတွင်းကာလတွင် ရေကြည်ရေသန့်များမရရှိပါ။ ထို့ကြောင့် ရေတွင်း၊ရေကန်များ တူးဖော်ပေးခြင်းနှင့် စိမ့်စမ်းရေသွယ်တန်းပေးခြင်းများပြုလုပ်ပေးစေလိုပါသည်။

သင်္ကန်းတုံးကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စု (၃၇)စု၊ ကျင်းအိမ်သာ သုံးစွဲသော အိမ်ထောင်စု(၁)စုနှင့် ကျန်အိမ်ထောင်စုများမှာ တောထိုင်များကို အသုံးပြုကြပါသည်။ ရွာလုံးကျွတ် သန့်ရှင်းသော ယင်လုံအိမ်သာများ သုံးစွဲမှု နည်းပါးကြပါသည်။ ထို့ကြောင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့် ပတ်သက်သောရောဂါများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သင်္ကန်းတုံးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀နှစ်အထက် ကျား(၁)ဦး ၊ မ(၃)ဦးနှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု (၃)စု ရှိပါသည်။

သင်္ကန်းတုံးကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှု မရှိပါ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုတွင် စွန့်ပစ်ပစ္စည်းများအတွက် စနစ်တကျစွန့်ပစ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ တစ်ချို့ကမီးရှို့၍ သော်လည်းကောင်း၊ တစ်ချို့ကတွင်းတူးမြေမြှုပ်ခြင်းဖြင့် သော်လည်းကောင်း စွန့်ပစ်ကြပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာ သူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကိုခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

သင်္ကန်းတုံးကျေးရွာ၏ စီမံခန့်ခွဲမှုစနစ်တွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းလျက်ရှိပါသည်။ အမျိုးသမီးဆိုင်ရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာအကြမ်းဖက်မှုများအတွက် လူထု၏ အသိအမြင်ရှိမှုအနည်းငယ်သာရှိပါသည်။ ကျေးရွာအတွင်း အမျိုးသမီးများအား သံသယဖြစ်ဖွယ်အကြမ်းဖက်မှု(သို့) တိုင်ကြားမှုများ မရှိပါ။ ကျေးရွာတွင် ဥယျာဉ်ခြံလုပ်ငန်းနှင့် လက်လီ

လက်ကားရောင်းဝယ်ရေးများတွင်သာ လုပ်ကိုင်သူများရှိပြီး နေ့စားလုပ်အားခနှုန်းထား သတ်မှတ်ချက်များမှာ ကျား၊ မ ကွာခြားမှုရှိပါသည်။

သင်္ကန်းတုံးကျေးရွာတွင် အိမ်ထောင်စု (၄၄)စု ရှိပြီး လူဦးရေစုစုပေါင်း (၂၂၈)ဦးရှိပါသည်။ အသက် ၁၅ နှစ်အောက်နှင့် အသက် ၆၀ နှစ်အထက် မှီခိုသူဦးရေ ၄၀.၄% ခန့်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေမှာ ၅၉.၆% ခန့်ရှိပြီး တစ်အိမ်ထောင် ပျမ်းမျှလူဦးရေမှာ ၅ဦးရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ရှိသည်ဟု ယူဆနိုင်ပါသည်။

၁၈။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - ပကာရီ			ကျေးရွာအမည် - သင်္ကန်းတုံး	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	လျှပ်စစ်	မဟာဓါတ်အားလိုင်း	ဓါတ်အားလိုင်းမှ မီးရရှိခြင်း။	
၂	အခြေခံအဆောက်အဦ	သောက်သုံးရေ	စိမ့်စမ်းရေမှတစ်ဆင့် ရေပိုက်သွယ်တန်းပေးခြင်း။	
၃	အခြေခံအဆောက်အဦ	သောက်သုံးရေ	စိမ့်စမ်းရေသွယ်တန်းပေးခြင်း။	
၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	စာကြည့်တိုက်ဆောက်လုပ်ပေးခြင်း။	
၅	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	လူငယ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ပေးခြင်း။	
၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းခြံစည်းရိုး ကာရန်ခြင်းနှင့် မျက်နှာကျက်တပ်ဆင်ခြင်း။	
၇	အဖွဲ့အစည်း	သင်တန်း	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	

သင်္ကန်းတုံးကျေးရွာ၊ ပကာရီကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသန်းဝင်း	-	ဖ/ထဝန(နိုင်) ၀၆၅၈၆၂	၄၅	ဥက္ကဋ္ဌ	
၂	ဦးတင်ဌေး	ဦးထွန်းရှိန်	ဖ/ထဝန(နိုင်) ၀၄၃၉၈၇	၆၁	အတွင်းရေးမှူး	
၃	ဒေါ်အေးအေးနိုင်	ဦးဘဌေး	ဖ/ထဝန(နိုင်) ၀၉၃၃၉၉	၃၇	ဘဏ္ဍာရေးမှူး	
၄	ဦးအောင်မိုး		ဖ/ထဝန(နိုင်) ၀၉၃၃၈၁	၃၇	စာရင်းကိုင်	
၅	ဦးသန်းဝင်း	ဦးအေးလွင်	ဖ/ထဝန(နိုင်) ၀၄ဖ၅၅၇	၅၂	အဖွဲ့ဝင်	
၆	ဦးမင်းသူ	ဦးဘမြင့်	ဖ/ထဝန(နိုင်) ၁၂၄ဖ၃၅	၂၄	စာရင်းစစ်	
၇	ဦးသန်းဇော်ဦး	ဦးသန်းလွင်	ဖ/သရခ(နိုင်) ၀၈၇၉၈၉	၂၈	အဖွဲ့ဝင်	
၈	ဒေါ်အေးအေးချို	ဦးဝင်းရှိန်	ဖ/ထဝန(နိုင်) ၁၀၈၁ဖ၀	၃၃	အဖွဲ့ဝင်	
၉	ဒေါ်ဝင်းလဲ့ဖြူ	ဦးအံမြင့်	ဖ/ထဝန(နိုင်) ၁၃၃၁၉၀	၂၀	အဖွဲ့ဝင်	
၁၀	ဦးလှစိုး	ဦးဟန်မြင့်	ဖ/ထဝန(နိုင်) ၀၈၂ဖ၁၃	၃၇	အဖွဲ့ဝင်	
၁၁	ဒေါ်အေးမူ	ဦးသိန်းမြင့်	ဖ/ထဝန(နိုင်) ၀၇၂ဖ၂၉	၃၇	အဖွဲ့ဝင်	
၁၂						
၁၃						
၁၄						
၁၅						

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်		၁	၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၁	၆	၁၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၀	၁၆	၂၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၁	၂၀	၃၁
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၈	၆၈	၁၃၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၈	၉	၁၇
စုစုပေါင်း		**၁၀၈**	**၁၂၀**	**၂၂၈**
စုစုပေါင်း အိမ်ထောင်စု		၄၄		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ သင်္ကန်းတုံးကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (၄၄)အိမ်ရှိသည်။ လူဦးရေ စုစုပေါင်း(၂၂၈)ဦး၊ ကျား(၁၀၈)ဦး၊ မ(၁၂၀)ဦးရှိသည်။ အလုပ်လုပ်နိုင်သော လူဦးရေ(၆၀%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၅.၁၈)ဦးရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၈	၃၉		မြင့် □ လတ်✔ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☐ နိမ့် ✔
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၉	၂၀		မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁	မြင့် ☐ လတ်☐ နိမ့် ✔
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅	၇	၄၃	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၄၃	၆၇	၄၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကိုယ်ပိုင်ဥယျာဉ်ခြံလုပ်ကိုင်သူများပြီး အားလပ်အချိန်များ၏

ကြံုရာကျပန်းအလုပ်များ ရှာဖွေလုပ်ကိုင်ရင်း မတတ်သာအဆုံး ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်ရှာဖွေ လုပ်ကိုင်ကြရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၄၀၀၀	၆၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၁၀၀၀၀	၆၀၀၀	၆၀၀၀	၄၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ သက်နိုးတုံးကျေးရွာများတွင် ဥယျာဉ်ခြံလုပ်ငန်းများ၌ အဌားနေ့စား လုပ်အားကို ကျား-မခွဲခြား၍ ခံစားခွင့်အသီးသီးရကြပါသည်။ အများဆုံးလုပ်အားခမှာ ၇၀၀၀ ကျပ်မှ ၄၀၀၀ကျပ်အထိရှိပြီး အနည်းဆုံးလုပ်အားခမှာ ၆၀၀၀ ကျပ်မှ ၃၀၀၀ ကျပ်အထိ ဖြစ်သည်။ လုပ်အားခမှာ ကျား-မကွာခြားမှုရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၃၃၈.၅	ကောင်း ✔	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	**၃၃၈.၅**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ သင်္ဘောတုံးကျေးရွာတွင် ဥယျာဉ်ခြံမြေများတွင် အသီးအပွင့်ဖြစ်ထွန်းမှု ရှိသောနှစ်ရှည်ပင် စိုက်ပျိုးအားထားနိုင်မှု အားနည်းနေပါသည်။ ဆည်ရေရရှိမှုမရှိပါ။ ချောင်းရေ ရရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ✔ နည်း ☐ မရှိ ☐	လွယ် ✔ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ✔ မရှိ ☐	လွယ် ☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ✔ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ ကျောက်စရစ်၊ သဲ စသည်တို့ကိုမူ လွယ်ကူစွာ ထုတ်ယူသုံးစွဲနိုင်ပါသည်။ ကျေးရွာအနီးတဝိုက်တွင် တောတောင်များရှိသဖြင့် ဆေးဘက်ဝင်အပင်များ၊ အခြားအကျိုးပြုအပင်များတွေ့ရှိရပြီး သဘာဝ တိရစ္ဆာန်များ ရှားပါးသွားပြီဖြစ်သည်။ သဘာဝတိရစ္ဆာန်များနည်းပါးနေရခြင်းမှာ တောတောင်များ ပြုန်းတီးနေခြင်းကြောင့် ဖြစ်ပါသည်။ သဘာဝအပင်မျိုးစိတ်များမှာ အသင့်အတင့်ရှိပြီး လက်လှမ်းမီမှုမှာ လွယ်ကူပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၇	၁၃	၁၂	၁၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ သင်္ကန်းတုံးကျေးရွာ၏ ဓနဥစ္စာအရ အဆင်ပြေသောအိမ်ထောင်စု နည်းပါးပြီး အလယ်အလတ်အဆင့်ရှိသော အိမ်ထောင်စုမှာ (၂၉.၅) ရာခိုင်နှုန်းရှိပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများမှာ ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း၏ (၅၄.၆) ရာခိုင်နှုန်းအထိရှိပြီး လယ်ယာမြေ ပိုင်ဆိုင်မှုမရှိဘဲ ဝင်ငွေနည်းပါးကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၈	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = _____၈_____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ သင်္ကန်းတုံးကျေးရွာတွင် ဝမ်းစာဖူလုံမှု အားနည်းသည့်အတွက် အဟောင်းပေး အသစ်ယူစနစ်ဖြင့် အကြွေးနှင့် အချေးအငှား လက်စွဲထားကြရာဒေသဖြစ်ပါသည်။ အတိုးဖြင့် ချေးငှား၍ ဝမ်းစာရေးဖြေရှင်းနေရသည့် အိမ်ထောင်စုများလည်းရှိပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၃	၄
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သင်္ကန်းတုံးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော အသက်ကြီးရွယ်အို များအတွက် ကျောထောက်နောက်ခံအဖြစ် ဥယျာဉ်ခြံလုပ်ငန်းကို အမှီပြုနေခြင်းကြောင့် အသင့်အတင့် အဆင်ပြေမှု အနေအထား ရှိပါသည်။ မသန်မစွမ်းသူများလည်း မရှိပါ။ ဆင်းရဲသောမိသားစုနှင့်အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အနည်းငယ်မှာလည်း စားဝတ်နေရေးအတွက် အထိုက်အလျောက် ဖြေရှင်း နိုင်ကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ✔	နိမ့် ☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သစ်တောကို အမှီပြုနေရသောဒေသဖြစ်သည့်အတွက် သစ်တောပြုန်းတီးမှု ပြဿနာသည် ထိခိုက်လွယ်သည့်အခြေအနေဖြစ်သည်။ သစ်တောပြုန်းတီးမှု ဖြစ်ပေါ်လာသောဆိုးကျိုးများကို ထိခိုက်ခံစားရမှု ပိုကဲလာပါသည်။ အပူလွန်ကဲမှု၊ အအေးလွန်ကဲမှုကြောင့် တောမီးလောင်ခြင်း၊ မြေဆီလွှာပျက်ယွင်းလာခြင်းသည် အဆိုးရွားဆုံး ဖြစ်ပါသည်။ ခရီးလမ်းပန်း ကောင်းမွန်ပါသည်။ ရာသီမရွေးအဆင်ပြေပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
	နေထိုင်သူ				
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ✔	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သင်္ကန်းတုံးကျေးရွာရှိ ကျပန်းလုပ်သားများမှာ မိုးတွင်းအချိန်တွင် အလုပ်အကိုင်ရှားပါးခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံမှုကို ကြုံတွေ့ရပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအနေဖြင့် ချို့တဲ့ အားနည်းမှုအပေါ် ပတ်ဝန်းကျင်ပြုမူဆက်ဆံရေးတွင် နိုင်ထက်စီးနင်းမှု နှိပ်ကွပ်မှုအယက်များ ကြုံတွေ့ရပါသည်။ ဘေးအန္တရာယ်တစ်ခုခုကြုံလာပါက ငွေကြေးအရင်းအနှီး မဖူလုံသော ဆင်းရဲသားများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများ တဖြည်းဖြည်း တိုးလာနေပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖအဖွဲ့	၁☐ ၂✔ ၃☐	၅		၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐ သင့် ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ညံ့ ☐
၂	လူငယ်အဖွဲ့	၁☐ ၂✔ ၃☐	၁၈	၁၁	၂၁	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၃		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ သာရေးနာရေးကိစ္စများ၊ ဘာသာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရပ်မိရပ်ဖများ၊ ရွာသူ/သားများနှင့် ပူးပေါင်းဆောင်ရွက်နေပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	**အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	UNHCR	၁☐ ၂✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ✔ ဌေကြေး ☐ ကျန်းမာရေး ✔ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	URC	၁☐ ၂✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ✔ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid,

စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ သက်နိုးတုံးကျေးရွာတွင် UNHCR အစိုးရမဟုတ်သောအဖွဲ့အစည်းမှ ရပ်ရွာအကျိုးပြု ကျေးလက် ဆေးပေးခန်း၊ စာသင်ကျောင်း၊ သောက်သုံးရေရရှိရေးစသည့်ကဏ္ဍများတွင် အထောက်အပံ့ပြုလုပ် ဆောင်ရွက်ပေးပါသည်။ URCငှက်ဖျား အဖွဲ့အစည်းသည် ခြင်ထောင်များ လာရောက်ပေးဝေပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွဲ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၇	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၈	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၄၄**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုရှိသည့် အိမ်ထောင်စုသည် စုစုပေါင်း၏ ၈၄ ရာခိုင်နှုန်းခန့်ရှိသော်လည်း သီးနှံဖွံ့ဖြိုးမရှိခြင်းကြောင့် မစိုက်ပျိုးကြပါ။ တခြားစီးပွားရေးလုပ်ငန်းများကိုသာ လုပ်ကိုင်ကြပါသည်။ မြေယာမဲ့ဆင်းရဲသားများသည် ကျပန်းအလုပ်များကို လုပ်ကိုင်ရှာဖွေစားသောက်နေကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ငင်း ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်✔ မဖြေဆိုပါ□	ရှိ□ မရှိ✔ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ရေအရင်းအမြစ်မှာ ချောင်းရေတစ်ခုသာ ရရှိပါသည်။ စိုက်ပျိုးရေး အတွက် ချောင်းရေကိုသာ မှီခိုနေရပါသည်။ (UNHCR)မှ တစ်ရွာလုံး ရေရရှိရေးအတွက် ပိုက်များ သွယ်တန်း၍ ကူညီပေးထားပါသည်။ ယခုအချိန်တွင် ပိုက်များဆွေးနေပါသဖြင့် အခက်အခဲ အနည်းငယ် ရှိပါသည်။ ချောင်းရေသည် မိုးရေသီတွင် အလုအံလောက်ရရှိသော်လည်း နွေရာသီတွင် လုံလောက်မှု မရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ကွမ်းသီး	၃၃၀	ပိဿာ	၁၅၀	၄၀၀	၃၀၀	ဧန်	ဒီ	မြင့်□ လတ်✔ နိမ့်□	မြင့်□ လတ်✔ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သင်္ဘောတုံးကျေးရွာတွင် အဓိကသီးနှံထွက်နှုန်းမှာ ကွမ်းသီးဖြစ်သည်။ ဥယျာဉ်ခြံလုပ်ကိုင်သူမှာ တစ်ရွာလုံးနီးပါးခန့်ရှိပါသည်။ ရွာ၏ကွမ်းခြံစိုက်ဧကမှာ (၃၃၀)ဧကခန့် လောက်ရှိသည်။ သွင်းအားစုလိုအပ်ချက် အနည်းငယ်များပြီး အမြတ်ရရှိမှုမှာလည်း အလယ်အလတ်ပင် ဖြစ်သည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်				
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁၀			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သင်္ဘောတုံးကျေးရွာတွင် မြက်ရိတ်စက်မှာ အသင့်ရှိနေပြီး ကိုယ်ပိုင် စိုက်ပျိုးမြေများအတွက်နှင့် နေ့စားလုပ်သားများအတွက် တောရှင်းရန် အသုံးပြုကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)			
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း□	ကောင်း□	သင့်တင့်မျှတ□	မဖြေဆိုပါ□
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း□	ကောင်း□	သင့်တင့်မျှတ□	မဖြေဆိုပါ✔
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ □		အသင့်အတင့်ရှိ□	မဖြေဆိုပါ✔

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☐ မဖြေဆိုပါ ✔
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ✔
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ✔
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ✔

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သင်္ကန်းတုံးကျေးရွာတွင် ဥယျာဉ်ခြံလုပ်ကိုင်သူနေများအဖို့ အခွင့်အလမ်းများ နည်းပါးပါသည်။ နှစ်ရှည်သီးနှံစိုက်ပျိုးမှုနှင့် အသက်မွေးရပ်တည်နေသော ကျေးရွာဖြစ်သည့်အလျောက် နှစ်ရှည်သီးနှံ စိုက်ပျိုးခြင်းမှာ အကျိုးအမြတ် ရှိပါသည်။ သွင်းအားစုများအတွက် ချေးငွေအစီအစဉ်များ ရှိလာခဲ့လျှင် နှစ်ရှည်သီးနှံစိုက်ပျိုးမှုကို အထောက်အပံ့များစွာ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း ✔ ရာသီဥတုမမှန် ☐ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ✔
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ✔ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✔

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
အခြား အော်ဂဲနစ် သွင်းအားစုများ	
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ✔
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ✔
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ✔ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သင်္ဘန်းတုံးကျေးရွာတွင် စိုက်ပျိုးမြေတိုးချဲ့နိုင်မှုရှိပါသည်။ ဥယျာဉ်ခြံပိုင်ရှင်များမှာ ကွမ်းသီးပင်များကို စိုက်ပျိုးကြပါသည်။ နှစ်ရှည်သီးနှံအတွက် ချေးငွေမရနိုင်ခြင်း၊ မိရိုးဖလာ နည်းအတိုင်း စိုက်ပျိုးကြခြင်း၊ သက်ဆိုင်ရာဦးစီးဌာနမှ ပံ့ပိုးမှုမရခြင်း၊ စိုက်ပျိုးမှုနည်းစနစ်မသိခြင်း တို့သည် ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုအတွက် အဓိကစိန်ခေါ်မှုများ ဖြစ်ပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား		
နို့စားနွား		
ကျွဲ	၁	၅
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး	၁	၃
ဝက်		
ကြက်	၁	၁၀

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဘဲ	၁	၂၃
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို အနည်းငယ်သာ တနိုင်တပိုင်သာ လုပ်ကိုင်ပါသည်။ ကျေးရွာတွင် ကျွဲ၊ ဝက်၊ ကြက်စသည့် ဒေသမျိုးများကိုသာ တစ်ပိုင်တစ်နိုင် မွေးမြူလုပ်ကိုင်ကြပါသည်။ အချို့အိမ်ထောင်စုများမှ လယ်လုပ်ငန်းနှင့် သစ်တိုက်ဝါးတိုက် အတွက် ကျွဲ၊ နွားများ မွေးမြူကြသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့်☐ မဖြေဆိုပါ ✔
ရေရရှိမှု	အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ ✔
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☐ မဖြေဆိုပါ✔
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ✔
သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ✔
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ✔
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ✔
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ✔

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ☐
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☐
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☐
ငါးဖမ်းခွင့် ရရှိနိုင်မှု	လွယ်ကူသည် ☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သင်္ဘောတုံးကျေးရွာတွင် မွေးမြူရေးတိုးတက်ရန် အခွင့်အလမ်းမှာ အလွန်နည်းပါးနေပါသည်။ စားကျက်မြေများ မရှိတော့ခြင်း၊ မွေးမြူရေးနည်းစနစ်များ ကျွမ်းကျင်နားလည်မှု မရှိခြင်းကလည်း အခက်အခဲများစွာ ဖြစ်စေပါသည်။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

